## ၇-၂ (ခ) ပတ်သီးယ

အနောက်ဘက်ဆီသို့ ပြန့်နှံ့သွားသော ဗုဒ္ဓဘာသာသည် အရှဲဆာဆက်ဒ် ပတ်သီးယ ထဲသို့၊ နောက်ဆုံး ရေးက **မာဂီယာနာ** ယခုခေတ် တာ့ခ်မန်နစ္စတန် ဟုတွင်သည့် **မဲ့ဗ်** ဒေသများ အထိ ရောက်ရှိသွားပေသည်။ ဆိုဗီယက် ရှေးဟောင်းသုတေသန အဖွဲ့မှ **မဲ့ဗ်** ဒေသတွင် အလွန်ကြီးမားသော ဗုဒ္ဓဆင်းတု၊ ဘုန်းကြီးကျောင်းနှင့် အသုံးအဆောင်များကို တူးဖေါ်ရရှိပေသည်။

(ပတ်သီးယန်း) ပတ်သီးလူမျိုးတို့သည် ဗုဒ္ဓဘာသာ သာသနာပြုရာ၌ တိုက်ရိုက်ပါဝင် ပတ်သက်ခဲ့ပေသည်။ ပတ်သီးလူမျိုး အိမ်ရှေ့မင်းသား အန်ရှီဂိုျ (အေဒီ ၁၄၈) သည် တရုတ်သို့ သွားခဲ့၍ ဗုဒ္ဓကျမ်းဂန်များအား တရုတ် ဘာသာသို့ ပထမဆုံး ဘာသာပြန်ဆိုသူ အဖြစ် ထင်ရှားပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com